ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (31-3-2004) (၄၁၉၂)

ဝိရတီ ပါပါ
တော် မင်္ဂလ မုတ္တမံ။

မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

လျှပ်စစ်စီမံကိန်းများ အမြန်ပြီးစီးအောင် အလေးထားလုပ်ကိုင်

စီမံကိန်းလုပ်ငန်းများအနက် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရေးပါသည့် စီမံကိန်းများဖြစ်ရာ ယင်းစီမံကိန်းများကို အမြန်အကောင်အထည်ဖော်ပြီးစီးအောင် အလေးထား လုပ်ကိုင်သွားကြရန်လို။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများ မြန်မြန်ဆန်ဆန်ပြီးစီးအောင် အကောင်အထည်ဖော် မြန်မြန်ပြီးစီးမှသာ စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ပြည်သူများ မြန်မြန်ခံစားကြရမည် စီမံကိန်းများ အကောင်အထည်ဖော်ရာ၌ ကြန့်ကြာမှုမရှိရေးနှင့် ကုန်ကျစရိတ်သက်သာရေးကို အလေးထားလုပ်ကိုင်

ရန်ကုန် မတ် ၃၀

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၂၀ ကော်လံ ၃ သို့** ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၃၁-၃-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး ဖွံ့ဖြိုးရေးနှင့်စည်းရုံးရေး တွဲဖက်ဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၄) ကို မတ်လ ၂၉ ရက်နေ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကား ပြောကြားရာတွင် **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် တိကျခိုင်မာသော မျှော်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်သည့် အားလျော်စွာ လုပ်ငန်းများ အကောင်အထည်ပေါ် ဖြစ်ထွန်းသည်အထိ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများတစ်နှစ်ထက် တစ်နှစ် တိုးတက်အောင်မြင်စေရအောင် ရည်မှန်းချက်ထား ဆောင်ရွက် ကြရန်လည်းလိုကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ စဉ်ဆက် မပြတ် ဖြစ်ထွန်းနေစေရအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း** လမ်းညွှန်မှာကြားသွားသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးတို့ကို အထူးကြိုးပမ်းအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပထမဦးစွာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိစေရန်ကြိုးပမ်းခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းစေရန် တည်ဆောက်ရင်း ငြိမ်းချမ်းရေးတိုးပွားခိုင်မာစေရန် ဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏မူဝါဒလမ်းညွှန်ချက်များ နှင့်အညီ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့်နယ်စပ်ဒေသများတွင် စီးပွားရေး အခြေခံအဆောက်အအုံများဖြစ်သည့်လမ်းတံတား၊စွမ်းအင်နှင့်ဆက်သွယ် ရေးလုပ်ငန်းစသည့်ကဏ္ဍများကို တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

ထို့အပြင် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများ၊ ကုန်ထုတ်လုပ်မှု အခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေ တူးဖော်ရေးနှင့် သစ်တောလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် တည်ဆောက်ပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် နယ်စပ်ဒေသများ၌ ကိုလိုနီတို့က ဆိုးမွေ အဖြစ်ထားခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများ ပပျောက် စေရေးအတွက် စီမံကိန်းများရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်း ဆက်သွယ်ရေးခက်ခဲသည့်ဒေသများ၌လူမှုစီးပွားရေး အခြေခံအဆောက် အအုံများကို ဦးစားပေးတည်ဆောက်ခဲ့သည်။ အလုပ်အကိုင်နှင့် စီးပွား ရေးအခွင့်အလမ်းများ ပေါ်ပေါက်လာသဖြင့် ဒေသခံများအနေဖြင့် ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု လျော့နည်းကျဆင်းလာကြောင်း သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှစတင်၍အရှိန်အဟုန်ဖြင့်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ၁၅ နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ယခုအခါ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများ နှင့်ထိစပ်နေသည့် ပြည်နယ်ခုနစ်ခုနှင့် တိုင်းနှစ်ခုအတွင်းရှိ မြို့နယ် ၆၈ မြို့နယ်တို့၌ ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်က ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် ငွေကျပ်သန်းပေါင်း ၅၄၀၀၀ သုံးစွဲခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏စီးပွားရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့်လမ်းပန်းဆက်သွယ်မှု တိုးတက် ကောင်းမွန်ရေးတို့ကိုယှဉ်တွဲဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည့်အပြင် စက်မှုနှင့်လျှပ်စစ်စွမ်းအားကဏ္ဍကိုလည်း တစ်ပိုင်တစ်နိုင် ဆောင်ရွက် ပေးလျက်ရှိသည်။ ထို့အပြင် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကိုလည်း အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိရာ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ယခုကဲ့သို့ နယ်စပ်ဒေသများဖွံ့ဖြိုးလာပြီး လူမှုစီးပွားရေးအခြေခံ အဆောက်အအုံများ သိသိသာသာဖွံ့ဖြိုးတိုးတက်လာခြင်းသည် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေး ဗဟိုကော်မတီကချမှတ်ပေးသည့်မူဝါဒလမ်းညွှန်ချက်များနှင့် အညီ လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုနှင့် ဝန်ကြီးဌာနများ၊ ဒေသ ဆိုင်ရာ ကော်မတီအသီးသီးနှင့်တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူ များက ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ၍ ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူ များ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ကော်မတီအဆင့်ဆင့်တို့က ဒေသခံပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းကြရေး၊ ဖွံ့ဖြိုးရေးနှင့် စည်းရုံးရေး လုပ်ငန်းများကို တွဲဖက်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အစီအစဉ်

"အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏ လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တည်ဆောက်ကြပါစို့"

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်



ရန်ကုန် မတ် ၃၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူးကျင်းပသော Han Golf Mastersမျိုးဆက် သစ် လူငယ်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်၇နာရီတွင် ရန်ကုန်မြို့ ရှိ မြန်မာဂေါက်ကလပ်၌ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်း အနားကိုကျင်းပရာမြန်မာဂေါက်ကလပ် အတွင်းရေးမှူး ဦးကိုနီက အမျိုးသမီး အသက်(၁၈)နှစ်အောက် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၀၆ ချက်ဖြင့် ပထမရရှိသော စန္ဒီတိုးဆောင်နှင့် စုစုပေါင်း ၁၁၆ ချက်ဖြင့် ဒုတိယရရှိသော အေးမြင့်သီတာတို့အားလည်းကောင်း၊ Han Golf Masters Pte., Ltd. ဒါရိုက်တာ ဦးဆန်းထွန်းက အသက် (၈-၁၀)နှစ်အတန်းပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၉၄ ချက်ဖြင့် ပထမရရှိသော ရဲဇော်အောင်၊ စုစုပေါင်းရိုက်ချက် ၁၀၃ ချက်ဖြင့် ဒုတိယရရှိသော ကောင်းမိုးထွန်းနှင့် စုစုပေါင်းရိုက်ချက် ၁၀၄ ချက်ဖြင့် တတိယရရှိသော စွမ်းသီဟ အောင်တို့အား လည်းကောင်း၊ Han Golf Masters Pte., Ltd. ဒါရိုက်တာ ဦးအောင်လှဟန်က အသက် (၁၁-၁၂)နှစ်အတန်းပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၈၅ ချက်ဖြင့် ပထမရရှိသော ဉာဏ်လင်းသန့်၊ စုစုပေါင်း ရိုက်ချက် ၈၆ ချက်ဖြင့် ဒုတိယရရှိသော ဥက္ကာဦးနှင့် စုစုပေါင်းရိုက်ချက် ၈၇ ချက်ဖြင့် တတိယရရှိသော ဉာဏ်လင်းတို့အား လည်းကောင်း၊ မြန်မာဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးသိန်းက အသက် (၁၃-၁၄) နှစ်အတန်း ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်၈၁ ချက်ဖြင့် ပထမ ရရှိသော လင်းမိုးထွန်း၊ စုစုပေါင်း ရိုက်ချက် ၈၆ ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်းရိုက်ချက် ၉၁ချက်ဖြင့်တတိယရရှိသော ကျော်ဖုန်းမိုတို့အား လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးက အသက် (၁၅-၁၇)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၇၅ ချက်ဖြင့် ပထမရရှိသော စိုးမိုးဝင်း၊ စုစုပေါင်း ရိုက်ချက် ၇၇ ချက်ဖြင့် ဒုတိယရရှိသော ရန်နိုင်ဖြိုးနှင့် စုစုပေါင်း ရိုက်ချက် ၈၁ ချက်ဖြင့် တတိယ ရရှိသော ဖြိုးကျော်ကျော်တို့အားဆုများ ကို ချီးမြှင့်သည်။

ပံ့ပိုးကူညီ

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲကို Han Golf Masters Pte., Ltd. က အဓိကပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Wilson၊ Rapier နှင့် Star Ice Cream တို့ကလည်း ပံ့ပိုးကူညီပေးကြသည်။ (သတင်းစဉ်)



ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့်အိမ်ခန်းနေရာချထားရေး ကော်မတီဥက္ကဋ္ဌ၊ စီမံရေးရာဌာန ဌာနမှူး ဦးကျော်မင်း တို့ မတ် ၂၉ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရှိ မြို့တော်စည်ပင်၏ အရာရှိများ အိမ်ရာဝင်းနှင့်ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။
(၁၉)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်ပွဲအပြီးတွင် ဆုရ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားသမားများအား တွေ့ရစဉ်။ (ဂေါက်အဖွဲ့ချုပ်)

ကော့ကရိတ်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၃၀

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာ ရည်ချွန်ဆုပေးပွဲကို ဧပြီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အသင်းတည်ရှိရာ နာယက ဒေါ်သန်း သန်းနေအိမ် အမှတ်(၂၆၇) ပြည်လမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည် ဖြစ်သည်။

အသက် (၇၅) နှစ်အထက် အဘိုး၊ အဘွားများနှင့် ၂၀၀၂-၂၀၀၃ ပညာသင် နှစ်တွင် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသူ၊ ကျောင်းသားများ နီးစပ်ရာ အမှုဆောင်များထံ စာရင်းပေးသွင်း ကြရန်နှင့် အသင်းသူ၊အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။
(က-ပ)

ကလေးမြို့ စကားလှမ္မာရုံကျောင်း တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပင်မမဟာစည်သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးထေရာခံသ(ဓမ္မာစရိယ)နှင့် ဦးကုဝေရ(တက္ကသိုလ ဓမ္မာစရိယ)တို့သည် ကလေးမြို့ စကားလှမ္မာရုံကျောင်းတွင် ဧပြီ ၅ရက်မှစ၍ ခုနစ်ရက်တိုင် တရားစခန်းပွဲကျင်းပမည်ဖြစ်၍ တရားအားထုတ်လိုသော ဒါယကာ၊ ဒါယိကာမများသည် ဧပြီ ၃ရက်နောက်ဆုံးထား၍ စကားလှမ္မာရုံကျောင်းသို့ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မတ် ၃၀

မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ဖနာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့်စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်ချုပ်စောလှ၊ ဗိုလ်ချုပ်တင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ မြဝတီစာပေတိုက် နှစ်ပတ်လည်စာမူနှင့် ဓာတ်ပုံပြိုင်ပွဲဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြဝတီစာပေတိုက် ၂၀၀၃ခုနှစ် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုများကို ချီးမြှင့်ရာ အမျိုးသားစာပေဆုရှင် ဦးမောင်မောင်ကြည် (ရေနံမြေမောင်မောင်ကြည်)၊ အကောင်းဆုံး မြဝတီဝတ္ထုရှည်ဆု ရရှိသူ မောင်ရည်သွေး၊ အကောင်းဆုံး ငွေတာရီဝတ္ထုရှည်ဆုရရှိသူ မုဒုံသုမွန်၊ အကောင်းဆုံး မြဝတီဝတ္ထုတိုဆု ရရှိသူ ရွှေသဥ္ဇာနှင့် အကောင်းဆုံး ငွေတာရီဝတ္ထုတိုဆု ရရှိသူ ဝင်းနွယ်(သစ်တော)တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အကောင်းဆုံး မြဝတီဆောင်းပါးဆု ရရှိသူ ရဲထွန်း(စစ်ပညာ)၊အကောင်းဆုံး ငွေတာရီဆောင်းပါးဆုရရှိသူ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ အကောင်းဆုံး မြဝတီကဗျာဆုရရှိသူ မြင်းမူမောင်နိုင်မိုး၊ အကောင်းဆုံး ငွေတာရီကဗျာဆု ရရှိသူ မောင်ဟေမာတို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အကောင်းဆုံးသတင်းကြေညာသူဆုရရှိသူ အရာခံဗိုလ်(အစားခန့်) ရီရီစိုး၊ အကောင်းဆုံး မှတ်တမ်းထိန်းသိမ်းမှုဆုရရှိသူအရာခံဗိုလ်(အစားခန့်)ယဉ်ပြုံးဝင်းတို့အား ဆုများကိုချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က မြဝတီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုရရှိသူ စိုးစံ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုရရှိသူ အောင်ချမ်းမြေ့(မင်းဘူး)၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရရှိသူ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ တတိယဆုရရှိသူ ကိုကိုဆန်နီ (သိင်္ဂီရွှေရည်) တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက မြဝတီ ရုပ်မြင်သံကြားမှ အကောင်းဆုံးတည်းဖြတ်ဆုရရှိသူများဖြစ်ကြသော အရာခံဗိုလ်(အစားခန့်) ကေခိုင်စိုးနှင့် ဒုတိယအရာခံဗိုလ်(အစားခန့်) ရွှေစင်ထွန်း၊ အကောင်းဆုံးထုတ်လုပ်ရေးမှူးဆု ရရှိသူ ဒုတိယအရာခံဗိုလ်(အစားခန့်)ချိုချိုခိုင်၊ မြဝတီရုပ်မြင်သံကြားမှ အကောင်းဆုံး ကွန်ပျူတာဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) ဥမ္မာခိုင်၊ အကောင်းဆုံး ရုပ်မြင်သံကြားရိုက်ကူးသူဆုရရှိသူများ ဖြစ်ကြသော တပ်ကြပ်ကြီးခင်စိုးနှင့် ဒုတိယအရာခံဗိုလ်စိုးညွှန့်၊ အကောင်းဆုံး အစီအစဉ်ထုတ်လုပ်မှုဆု ရရှိသူ ဗိုလ်ကြီးမောင်ထွေး၊စက်မှုဌာန ဂုဏ်ပြုဆုကို ဗိုလ်ကြီးဘုန်းနိုင်တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ရရှိသူ မြဝတီသတင်းစာတိုက်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်း၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)နှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးစွမ်းဆောင်နိုင်မှု ဆုများ ရရှိသူ အထက(၂)မင်္ဂလာဒုံမှ ဗိုလ်မှူးစောသိန်း၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်)ရရှိသူများ ဖြစ်ကြသော မြဝတီရုပ်မြင်သံကြားမှ ဗိုလ်မှူးရဲနိုင်စိုး၊ အရာခံဗိုလ်မြင့်နိုင်၊ အရာခံဗိုလ်(အစားခန့်) မြင့်မြင့်ကြည်နှင့် အရာခံဗိုလ်(အစားခန့်) အေးအေးဟန်တို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က ဧကောဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသော နဲ့(ဝါသနာရှင်အဆင့်)တွင် ပထမဆုရရှိသူ အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး ထွန်းထွန်းဦး၊ ဆိုင်းတစ်ဦးချင်း (ဝါသနာရှင်အဆင့်) တွင် ပထမဆုရရှိသူ အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ် မြဝင်းဗိုလ်တို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ် ခင်မောင်ထွန်းက ဆိုင်းတစ်ဦးချင်း (ပညာရှင်အဆင့်)တွင် တတိယဆုရရှိသူ မြဝတီရုပ်မြင်သံကြားမှ အရာခံဗိုလ်(အစားခန့်) ကျော်မြင့်၊ အဆို (ခေတ်ဟောင်း/ကာလပေါ်) (ဝါသနာရှင်အဆင့်)တွင် တတိယဆုရရှိသူ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး (အစားခန့်) အေးအေးဦးနှင့် ဒုံမင်းအတီးပြိုင်ပွဲ အသက် (၅-၁၀)နှစ်တွင် တတိယဆု ရရှိသူ အထက(၇)တောင်ကြီးမှ မအိတို့အား ဆုများကိုချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်းက (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့်ပြိုင်ပွဲ၊ စစ်သည်တော်ကျင့်ဝတ်(အရာခံအဆင့်)တွင် ပထမဆုရရှိသူ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ အရာခံဗိုလ် ညွှန့်ဝင်း၊ ကျပန်းစကားပြောပြိုင်ပွဲ(အကြပ်အဆင့်)တွင် ပထမဆုရရှိသူ မြဝတီစာပေတိုက်မှ တပ်ခွဲတပ်ကြပ်ကြီး ဖြိုးမောင်လှ၊ စစ်သည်တော် ကျင့်ဝတ်(တပ်သားအဆင့်)တွင် ပထမဆုရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်ကြပ် ဉာဏ်စိုးတို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ (အရာခံအဆင့်)တွင် ဒုတိယရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာခံဗိုလ်ကျော်အေး၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့် ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်ကြပ် အောင်ကျော်မိုးတို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စောလှက (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့် ဝတ္ထုရှည်ပြိုင်ပွဲတွင် တတိယဆုရရှိသူ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ ဗိုလ်ကြီးသန်းစိုး၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ အထက(၂) အလုံ၊ မုံရွာမှ မောင်နေမျိုးဇော်တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ ဒုတိယဗိုလ်မှူးကြီးတင့်လွင်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်းနှင့် ဒုတိယဗိုလ်မှူးကြီး အောင်သူတို့က မြဝတီရုပ်မြင်သံကြားတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

ဂုဏ်ပြုညစာ

ထို့နောက် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတကာ သတင်းများ

အီရတ်တွင် တိုက်ခိုက်မှုများ နှစ်ရက်ဆက်တိုက်ဖြစ်ပွားပြီး လူ ၂၁ ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၈

ပြီးခဲ့သော နှစ်ရက်တာအချိန်အတွင်း မိုဆူးလ်မြို့နှင့် အီရတ်နိုင်ငံတစ်လွှားတွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူ ၂၁ ဦးသေဆုံးခဲ့ရသည်။ မိုဆူးလ်မြို့ရှိ အဓိက သုံးထပ် အစိုးရအဆောက်အအုံအား ပစ်ခတ်သည့် ဒုံးကျည်ပစ်စင်အား သစ်သားလှည်းအတွင်း၌ ဝှက်ထားခဲ့သည်ကို တွေ့ရှိရကြောင်း ရဲတပ်ကြပ်ကြီး ဂျာဆမ်မိုဟာမက်က ပြောကြားသည်။

မတ် ၂၂ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ခဲများဖြင့် ပစ်ပေါက်နေသည့် အီရတ်လူငယ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပစ်သတ်

အီရတ်နိုင်ငံ၏ တောင်ဘက်ပိုင်းတွင် ပြီးခဲ့သော စနေနေ့က သေနတ်သမားတစ်ဦးသည် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော ထရပ်ကားမောင်းသူ တစ်ဦးကို ပစ်သတ်သွားကြောင်း ကျူဒိုသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အီရတ်နိုင်ငံ အလယ်ပိုင်းတွင် ပြီးခဲ့သော စနေနေ့က စစ်ယာဉ်တန်းဖြတ်သန်းသွားစဉ် ဗုံးတစ်လုံးပေါက်ကွဲသည့်အတွက် အီရတ်လူမျိုးငါးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်ဒုတိယဗိုလ်မှူးကြီး ပီတာဂျူးက ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောနေရာကို အမေရိကန်တပ်ဖွဲ့များက အသွားအလာ ပိတ်ထားလိုက်ကြောင်း သိရသည်။

ပြီးခဲ့သော သောကြာနေ့ကလည်း ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ၃၅မိုင်အကွာတွင် တည်ရှိသည့် ဖော်လူဂျာမြို့၌ တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အမေရိကန်ကမ်းတက်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဘဂ္ဂဒက်မှ အမေရိကန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖြစ်ပွား

ထိုမြို့၏ လမ်းများပေါ်တွင် ခုခံရေးသမားများနှင့် အမေရိကန် တပ်ဖွဲ့ဝင်များအကြား နာရီအတော်ကြာအောင် တိုက်ပွဲဖြစ်ပွားခဲ့သည်။

အမေရိကန်တို့က အီရတ်ကို သိမ်းပိုက်ခဲ့သည်မှာ တစ်နှစ်ကြာသည့် တိုင်အောင် ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်သူများကအမေရိကန်များကိုဆက်လက်ဆန့်ကျင်နေကြဆဲဖြစ်သည်။

တိုက်ပွဲဖြစ်ပွားနေစဉ် ရုပ်သံရိုက်ကူးနေသူ အေဘီစီရုပ်မြင်သံကြားသတင်းဌာနမှ ကင်မရာသမားဘာဟန်မိုဟာမက်မဇ်သည် ဦးခေါင်းတွင် ကျည်ဆန်ထိမှန်ပြီး သေဆုံးသွားသည်။ မည်သူပစ်လိုက်သော ကျည်သင့်၍ သေဆုံးရသည်ကို ရှင်းလင်းစွာ မသိရဟု ဆိုသည်။

အဆိုပါ တိုက်ပွဲကြောင့် အီရတ်လူမျိုးလေးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြကြောင်း ဖော်လူဂျာမြို့ ဆေးရုံမှ ဆရာဝန် ဒီယာအလ်ဂျူမာလီက ပြောကြားသည်။ သေဆုံးသူများထဲတွင် ဈေးဆိုင်ပိုင်ရှင်တစ်ဦး၊ ဈေးဝယ်သူတစ်ဦးနှင့် လမ်းဘေးတွင် သွားလာနေသူ နှစ်ဦးတို့ပါဝင်သည်ဟု မျက်မြင်တွေ့ရှိရသူများကဆိုသည်။

တာဝန်ယူ

ယခု သီတင်းပတ်မှစ၍ အမေရိကန်ကမ်းတက် တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့နှင့် ဝန်းကျင်ဒေသများကို စတင် တာဝန်ယူခဲ့ကြခြင်းဖြစ်သည်။

တီကရစ်မြို့၌လည်း ပြီးခဲ့သော သောကြာနေ့ကအမေရိကန်တို့လေ့ကျင့်ပေးထားသော အီရတ်ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တို့ ပူးပေါင်းကြပြီး ဝင်ရောက်စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုစီးနင်းမှုများအတွင်း အီရတ်ကာကွယ်ရေးတပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့သည်။

ပေါက်ကွဲ

ကယ်ကွတ်မြို့နှင့် မလှမ်းမကမ်းရှိမြို့တွင် မင်္ဂလာဆောင်သို့သွားသော ကားတန်း မောင်းသွားစဉ် တင့်ကားဖျက် မိုင်းနင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်အတွက် လူလေးဦးသေဆုံးသွားသည်။ အခြား ၁၂ ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။

ထိုနေ့၌ပင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဖာဒီလာရာရှစ်ဆိုသူ ရဲအရာရှိ တစ်ဦး သေဆုံးခဲ့ရသည်။ တစ်နေ့တည်းမှာပင် တိုင်းမ်မဂ္ဂဇင်းအတွက် အလုပ်လုပ်နေသူ စကားပြန် အိုမာမာရှင်ကမဲလ်မှာလည်း ဗုဒ္ဓဟူးနေ့က ရရှိခဲ့သော သေနတ်ဒဏ်ရာကြောင့် သေဆုံးခဲ့ရသည်ဟုဆိုသည်။

အင်တာနက်။

တီကရစ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ် သုံးနှစ်အရွယ်ကလေးတစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိ

တီကရစ် (အီရတ်) မတ် ၂၉

အီရတ်နိုင်ငံ တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အရပ်ဘက်ကားတစ်စီးကို ပစ်ခတ်ရာ သုံးနှစ်သားအရွယ် ယောကျာ်းလေးတစ်ဦးသေဆုံးပြီး အမျိုးသမီးများနှင့် ကလေးငယ်များ စုစုပေါင်း ခြောက်ဦးနှင့် အမျိုးသား ဒရိုင်ဘာတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် ဆွေမျိုးသားချင်းများက စနေနေ့တွင် ပြောကြားသည်။

ပစ်ခတ်

ဘဂ္ဂဒက်မြို့ မြောက်ဘက်မိုင် ၁၁၀အကွာရှိ ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိဖြစ်သည့် တီကရစ်မြို့တွင် အခြေစိုက်သည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် တီကရစ်မြို့တွင် သောကြာနေ့ညက မိသားစုပိုင် ကားတစ်စီးကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားထဲတွင် ကလေးငယ်လေးဦးနှင့် အမျိုးသမီးသုံးဦးပါဝင်သည့် မိသားစုတစ်စုနှင့် ဒရိုင်ဘာတစ်ဦးတို့လိုက်ပါလာကြောင်း အီရတ်ရဲတပ်ဖွဲ့မှ ဗိုလ်မှူးတစ်ဦးက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သည့်အတွက် အားလုံး ဒဏ်ရာရခဲ့ကြောင်း၊ ယင်းအနက် ကလေးငယ်တစ်ဦးမှာ သေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။ သောကြာနေ့ညကပင် ဒဏ်ရာရသူများအား အမေရိကန်တပ်ဖွဲ့မှ အရာရှိတစ်ဦးလာကြည့်သည်ကို တီကရစ်ဆေးရုံရှိ ရိုက်တာသတင်းထောက်တစ်ဦးက မြင်တွေ့ခဲ့သည်။

စစ်ဆေးရေးစခန်းတစ်ခုကို ဖြတ်ကျော် မောင်းနှင်သွားသည့် ကားတစ်စီးပေါ်ရှိ အီရတ်လေးဦးဒဏ်ရာရရှိခဲ့သည်ကို မိမိတို့သိရှိခဲ့ကြောင်း ဗိုလ်မှူး နီယယ်ဘိုဘရိုင်ယန်က ပြောကြားသည်။

သေဆုံး

ကလေးငယ်တစ်ဦးသေဆုံးခဲ့ရသည့် သတင်းကို မသိရှိရကြောင်း တီကရစ်မြို့ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကန်တပ်ဖွဲ့ဝင်မိသားစုများ ကျည်ကာအင်္ကျီလိုက်ဝယ်နေ တပ်ဖွဲ့ဝင်လေးပုံတစ်ပုံနီးပါး ယခင်က ကျည်ကာအင်္ကျီမရခဲ့

ဝါရှင်တန် မတ် ၂၈

စစ်မြေပြင်မလွှတ်မီ ကျည်ကာအင်္ကျီများထုတ်ပေးပါမည်ဟု အမေရိကန်စစ်ဘက်က အာမခံထားသည့်ကြားမှပင် အီရတ်သွားမည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ကျည်ကာအင်္ကျီများ လိုက်ဝယ်နေကြသည်။ တပ်ဖွဲ့ဝင်များ၏ မိသားစုများက ကျည်ကာအင်္ကျီများ ဝယ်ယူနေကြသည်ကို အများအပြားတွေ့ရသည်ဆို၏။

— မှန်မှန်ရရှိ —

ကျည်ကာအင်္ကျီ ရောင်းချသည့်လုပ်ငန်းများအနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုထံမှ ကျည်ကာအင်္ကျီများ စုံစမ်းမှာကြားမှုများ မှန်မှန်ရရှိသည်ဟု သိရသည်။

လွန်ခဲ့သည့် အောက်တိုဘာလက အီရတ်တွင် တာဝန်ထမ်းဆောင်သည့် အမေရိကန်တပ်ဖွဲ့ဝင် လေးပုံတစ်ပုံနီးပါးမှာ ကျည်ကာအင်္ကျီများမရရှိခဲ့ကြပေ။

အင်တာနက်။

မိုဆူးလ်မြို့ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး တိုက်ခိုက်ခံရ လူနှစ်ဦးသေဆုံးပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၉

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကို စနေနေ့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

တိုက်ခိုက်

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက မိုဆူးလ်မြို့ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကို ဒုံးကျည်နှစ်စင်းဖြင့် တိုက်ခိုက်ရာ အရပ်သားနှစ်ဦးသေဆုံးပြီး ကလေးငယ်တစ်ဦး အပါအဝင် လူ ၁၃ဦး ဒဏ်ရာရရှိခဲ့သည်။

မိုဆူးလ်မြို့သည် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်နေသည့် မြို့ဖြစ်ပြီး နေ့စဉ်နီးပါးဆိုသလို အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်နေသည့် အီရတ်နိုင်ငံသားများကို တိုက်ခိုက်လျက်ရှိသည်။

အကြီးအကျယ်ပျက်စီး

စနေနေ့စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့တွင် လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ငါးဦးသေဆုံးပြီး ကားတစ်စီးအကြီးအကျယ် ပျက်စီးသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မတ် ၂၇ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကင်းလှည့်နေသည့် အမေရိကန်သံချပ်ကာယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

မတ် ၂၈ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ တောင်တက်လမ်းတစ်နေရာတွင် ခုခံတိုက်ခိုက်ရေးသမားများ၏ ဒုံးပစ်လောင်ချာ ထိမှန်သဖြင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်ကျွမ်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၈ ရက်က အီရတ်နိုင်ငံ အမ်မရာမြို့တွင် အမေရိကန်နှင့်အပေါင်းပါများအား အီရတ်ပြည်သူများက ဆန့်ကျင်ဆန္ဒပြကြရာ ဗြိတိသျှတပ်ဖွဲ့ဝင်များက စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၉ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဆန္ဒပြသူများအား ဗြိတိသျှတပ်ဖွဲ့ဝင်များက ရိုက်နှက်ဖမ်းဆီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၉ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တောင်ဘက် ၇၅ကီလိုမီတာအကွာရှိ ရှူအိုင်ဘာရေနံချက်စက်ရုံသို့ ဦးတည်သော အဝေးပြေးလမ်းပေါ်တွင် ကင်းလှည့်နေသည့် နော်ဝေတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၈ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဒုံးပစ်လောင်ချာ ထိမှန်သဖြင့် ပျက်စီးသွားသော နေအိမ်အတွင်း ရှင်းလင်းနေသော အီရတ်မိသားစုများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

ရပ်တန့်စစ်ဆေး

မတ် ၂၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်တပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်တွင် အီရတ်တစ်ဦးအား စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုးကုတ်ဝိပဿနာ သကြိန်(၁၀)ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၆၅) အောင်ငြိမ်းချမ်း ကျောင်းတိုက်ကြီးတွင် (၄၁)ကြိမ်မြောက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ အောင်ငြိမ်းချမ်းဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရ(ဓမ္မာစရိယ)နှင့် အရှင်တေဇောဘာသ (ဓမ္မာစရိယ)၊ အရှင်ဝဏ္ဏိတ သာရ(တက္ကသိုလဓမ္မာစရိယ B.A) တို့က ဟောကြားကြမည်ဖြစ်သည်။ (က–ပ)

ပြိုးခြောက်ကြွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၏ ၂၀၀၃–၂၀၀၄ခုနှစ် ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၏ ၂၀၀၃–၂၀၀၄ခုနှစ်ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲ တွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသောဒေါက်တာ ကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ နာယကဒေါ်ခင်သက်ဌေးနှင့်ကြီးကြပ်မှု ကော်မတီ နာယကကြီးများ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူး အဖြစ်တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နွယ်ဦးကဆောင်ရွက်သည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြား၍ ကလေးသူငယ်များအား အကပညာသင်ကြားပေးသော ယဉ်ကျေးမှု တက္ကသိုလ်မှ နည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင် များပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူလေးများ၏ ကျောင်းဆင်းလက်မှတ်များကို အတန်းခွဲအလိုက် ဆရာမများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကလေးသူငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်ကပေးအပ်ရာ တန်းခွဲကိုယ်စားလှယ် ကလေးငယ်များက လက်ခံယူကြသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် ကြွရောက်လာကြသည့် ဧည့်သည်တော်များအား ကျောင်းသား၊ ကျောင်းသူလေးများက "မြမန်းဂီရိ"တပင်တိုင်အက၊ "အောင်စေပိုင်စေ" သီချင်း၊ "ငြိမ်းချမ်းရေးပန်းခင်း" သီချင်းဖြင့် တိုင်းရင်းသားအက၊ "ပန်း(၁၀)ပွင့်" နှင့် A,B,C,D ကဗျာ၊ အေရိုးဗစ်အက၊ "မမကိုယ်တိုင်က" သီချင်းဖြင့် သကြန်အက၊ "အောင်သီချင်း"ဖြင့် ဆရာမလေးများက ဂုဏ်ပြုသည့် အဆို၊ အက ပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန၏ ၂၀၀၃–၂၀၀၄ခုနှစ် ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲအခမ်းအနားတွင် ကလေးသူငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို တန်းခွဲကိုယ်စားလှယ်ကလေးငယ်များအား ပေးအပ်စဉ်။ (သတင်းစဉ်)

အောင်ဘာလေထီဖွင့်ပွဲ ဧပြီ ၁ ရက်တွင်ကျင်းပမည်

ရန်ကုန် မတ် ၃၀

(၁၈၃)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဧပြီ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာန၌ နံနက် ၉နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းအပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀တန်ထီ (၁၈၃)ကြိမ်မြောက်တွင် အက္ခရာ ၃၆လုံး ထီစာအုပ် ၂၉၄၅၄၄၈အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသဖြင့် ရောင်းရငွေ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၈၈၃၆၃၄၄၀၀တွင် ငွေကျပ် ၁၄၄၀၀ ကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူ၍ စုစုပေါင်းငွေကျပ် ၈၈၃ ဒသမ ၆၂ သန်းကို ဆုမဲများအဖြစ် ခွဲဝေပေးမည်။ ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၅၀၊ ၁၀ ဆု၊ ငွေကျပ် ၂၅ သိန်း ၁၂ ဆု၊ မင်္ဂလာစုံတွဲ စနစ်အရ ငွေကျပ်သိန်း ၅၀၊ ၁၉ ယူနစ်ဖြည့်စွက်စနစ်အရ နှစ်ယူနစ်နှင့် အပိုဆုစနစ်အရ ၂၄ ဆုတို့ကို တစ်ရက်တည်းဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ထို့ပြင် ငွေကျပ်သိန်း ၃၀၀ အထူးဆုကြီးတစ်ဆုကိုပါ ထည့်သွင်း၍ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ယခု(၁၈၃)ကြိမ်မြောက် ငွေကျပ် ၅၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဧပြီ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	**၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Quality Conyrol (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်း စီးပွား)
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	**၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူးမယ့်ရွှေနဖူးစာ" (အပိုင်း–၂၀)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၂၇)
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ယဉ်ကျေးမှုသင်တန်းဖွင့်

ရန်ကုန် မတ် ၃၀

မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၏ နွေရာသီကလေးများ အခြေခံဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ကျင်းပရာ သင်တန်းနာယကများ၊ ကော်မတီဝင်များ၊ သင်တန်းတာဝန်ခံ ဆရာတော် အရှင်ဩဘာသနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ အဆိုပါ နွေရာသီ အခြေခံသင်တန်းများကို မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် ဆက်လက်ဖွင့်လှစ်ခဲ့သည်။ (က–ပ)

ဓါးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးပွဲကို မတ် ၂၈ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာမွှာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းကျော်က တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံး အဆင့်(၉)ဖြင့်အောင်မြင်သူခြောက်ဘာသာ ဂုဏ်ထူးရှင် မဝင့်ဝင့်အောင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။(က–ပ)



မိုလ်တထောင်စေတီ သမထဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၃၀

မြတ်ဗုဒ္ဓ၏ အကျင့်မြတ်ပဋိပတ် တရားတော်များကို ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင် ဧပြီ ၁ရက်မှ ၇ရက်အထိ ညစဉ် ၆နာရီခွဲမှ ၈နာရီအထိ လည်းကောင်း၊ သင်္ကြန် ခုနစ်ရက်တရားစခန်းကို အံ့ကြီးအရှေ့ ဓမ္မရသရိပ်သာတွင် ဧပြီ ၁၁ရက်ညနေမှ ၁၇ရက် နံနက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

ကျွန်းနှင့်ဝါးလုပ်ငန်း ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်ဆွေးနွေး

ရန်ကုန် မတ် ၃၀

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့် ပတ်သက်သည့်အဖွဲ့ အစည်း(ITTO)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျွန်းနှင့် ဝါး ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉နာရီတွင် သစ်တောဦးစီးဌာန ရုံးချုပ် တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Park Joon Yong၊ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင် ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့် ပတ်သက်သည့် အဖွဲ့အစည်း စီမံကိန်းမှ ဝါးထွက်ပစ္စည်းကျွမ်းကျင်သူ Mr. Sukiman နှင့် မြန်မာနိုင်ငံရှိ ဝါးလုပ်ငန်းရှင်များ၊ သစ်တောရေးရာ ဝန်ကြီး ဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမ္ဗာရာမ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာ ကျောင်းတိုက် အမ္ဗာရာမ ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော် အရှင် ဦးတိက္ခိန္ဒြိယ၊ ဆရာတော် ဦးတိက္ခတို့၏ ညွှန်ပြတော်မူခဲ့သည့်နည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို ဧပြီ၁ရက်မှ စ၍ သင်္ကြန်အခါတော်ရက် အတွင်း ခုနစ်ရက်တရားစခန်း ဖွင့်လှစ်၍ တရားအားထုတ်ကြမည်ဖြစ်သည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၃၀

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုဖွင့်လှစ်သည့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ အလှူရှင် ဦးတင်လှနှင့် ဇနီး ဒေါ်ကျင်ငွေမိသားစုက ဆောက်လုပ်လှူဒါန်းသော ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံရှေ့ဦးကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကတိုးတိုက်နယ်ဆေးရုံ ဆရာဝန်ကြီးနှင့် သူနာပြုဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ အလှူရှင် မိသားစုများ၊ ရပ်မိရပ်ဖများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ဦးတင်လှနှင့် တာဝန်ရှိသူများက ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ် အလံကို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူတို့အား ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်နှင့် အလှူရှင်ဦးတင်လှ-ဇနီး ဒေါ်ကျင်ငွေတို့က ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က တိုက်နယ်ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကို လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တိုက်နယ်ပြည်သူ့ဆေးရုံ ကမ္ပည်းမော်ကွန်း ကျောက်စာကို လည်းကောင်း စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အလှူရှင်တို့က တိုက်နယ်ပြည်သူ့ဆေးရုံ ကမ္ပည်းမော်ကွန်းကျောက်စာပေါ် အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံ အမျိုးသား၊ အမျိုးသမီးလူနာခန်းများ၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို ဆေးရုံအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးတင်လှက ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး) ဒေါက်တာ ဦးတင်ဝင်းမောင်က လက်ခံရယူသည်။

ဆက်လက်၍ တိုက်နယ်ပြည်သူ့ဆေးရုံ ပဒေသာပင်စိုက်ထူရန်အတွက် ဦးလှထွန်း-ဒေါ်တင်လှ မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးသောင်းဇီ-ဒေါ်ငွေညွန့် မိသားစုက ငွေကျပ် သုံးသိန်း၊ မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် သုံးသိန်း၊ ဦးတင်လှ-ဒေါ်ကျင်ငွေ မိသားစုက ငွေကျပ်သုံးသိန်း၊ ကတိုးမဟာရင်ကျောင်းတိုက် စာချဆရာတော် ဦးနန္ဒကိုယ်စား ဒါယကာတစ်ဦးက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၇၄၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး) ဒေါက်တာဦးတင်ဝင်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် အလှူရှင်များနှင့်အတူ ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံကို မော်လမြိုင်မြို့မှ အလှူရှင် ဦးတင်လှ-ဒေါ်ကျင်ငွေ မိသားစုက ငွေကျပ်သိန်း ၆၅၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းလွှဲပြောင်းဖွင့်လှစ်ခြင်းဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်မြို့ ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ဂျပန်နိုင်ငံမှ အလှူရှင်နှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ယနေ့ညနေ ၃နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး နားမကြားသော ကလေးများကျောင်းသို့ ငါးနှစ်ဆက်တိုက် လှူဒါန်းသော အလှူရှင် ဂျပန်နိုင်ငံ ကျိုတိုမြို့ Kyo Shin Co., Ltd ဥက္ကဋ္ဌဖြစ်သူ Mr. Sadaaki Tachi Ki နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား အလှူရှင် ဂျပန်နိုင်ငံ ကျိုတိုမြို့ Kyo Shin Co., Ltd ဥက္ကဋ္ဌ Mr. Sadaaki Tachi Kiနှင့် အဖွဲ့ဝင်များ တွေ့ဆုံစဉ်။ (လူမှုဝန်ထမ်း)

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ရုံးအဖွဲ့မှူး ဦးမောင်ပီနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းတို့ တက်ရောက်ကြသည်။

အဆိုပါ အလှူရှင်နှင့် အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ နားမကြားသောကလေးများကျောင်းတွင် ပင်မစာသင်ဆောင် ဆောက်လုပ်ရန်အတွက် ဒုတိယအရစ် အလှူငွေ အမေရိကန်ဒေါ်လာ၃၉၆၀၀ကို လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံယူသည်။ ယင်းအခမ်းအနားသို့ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုလွှာ

ထို့နောက် အလှူရှင် Mr. Sadaaki Tachi Kiက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် အလှူရှင်များသည် မန္တလေး နားမကြားသော ကလေးများကျောင်း အတွင်းရှိ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားနေမှုများနှင့် အလှူရှင်၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိသော ပင်မကျောင်းဆောင်သစ်အား လိုက်လံကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

သုခါဝါသ မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၈၁)မှ မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် မိုးကုတ်ဓမ္မကထိက ဆရာတော် ဦးသုဇာတ မဏိရတနာကျောင်း စမ်းချောင်းက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားများဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မီးသတ်ပြု

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Happy and Educational English Summer Course (MRTV)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ သီချင်းကြီးပဒေသာ
၅:၄၅ ၈။ ဒါးကတံတား
၅:၅၀ ၉။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇:၂၀ ၁၅။ တေးဂီတအစီအစဉ်
၇:၃၅ ၁၆။ ကော်ဖီ (အပိုင်း-၂)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၁၈)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ပြည်သူများ၏ သွားလာမှုနှင့် ကုန်စည်ပို့ဆော
လက်ရှိ မီးရထားလမ်းများ၏အဆင့်ကို စီမံချက်များနှင့်အ

✪ **ကျောဖုံးမှ**

အကျိုးသက်ရောက်မှုများကို မြန်မြန်ခံစားကြရပြီး နိုင်ငံတော်ကြီးသည်လည်း မြန်မြန်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် အထူးစီမံကိန်းကြီးများကို သက်ဆိုင်ရာ ဝန်ကြီးဌာနကသာမက ကျန်ဝန်ကြီးဌာနများကပါ ပံ့ပိုးအထောက်အကူပြုပြီး အလေးထား အကောင်အထည်ဖော်သွားကြရန်လိုကြောင်း။

အတွေ့အကြုံကိုအခြေခံ

ယခုအခါ မိမိတို့သည် အထူးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ အတွေ့အကြုံများ ရရှိလာပြီဖြစ်၍ အရေးကြီးသော စီမံကိန်းလုပ်ငန်းတစ်ခု အချိန်မီမပြီးစီးဘဲ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာသွားမည်ဆိုလျှင် အခြားကွင်းဆက် အခက်အခဲများနှင့်လည်း ကြုံတွေ့ရနိုင်သဖြင့် ဤကဲ့သို့ အခက်အခဲများကို ရင်မဆိုင်ရအောင် အတွေ့အကြုံများစွာကို အခြေခံပြီး မလိုအပ်ဘဲ ကြန့်ကြာမှုများမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် နောင်စီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော်ရာ၌ အချိန်ကြန့်ကြာမှု မရှိစေရေးနှင့် ကုန်ကျစရိတ် သက်သာစေရေးအတွက် အလေးထားသင့်သည်တို့ကို အလေးထား လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ မြန်မြန်ပြီးရုံသာမက လုပ်ငန်းဆောင်ရွက်မှုများ၊ တည်ဆောက်မှုများ ကောင်းမွန်ပြီး သပ်သပ်ရပ်ရပ်ရှိရန်လည်း လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ရေလှောင်တမံစီမံကိန်း

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဆည်မြောင်းဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံစီမံကိန်းသုံးခုနှင့် ရေထိန်းတံခါးတစ်ခုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်မည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှစ်ခုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

စက်ရုံစီမံကိန်း

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် စက်ရုံစီမံကိန်းများနှင့် တည်ဆောက်ပြီး စက်ရုံစီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှတ်(၂) စက်မှုဝန်ကြီးဌာနက တည်ဆောက် အကောင်အထည်ဖော်သွားမည့် စက်ရုံစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ၊ တည်ဆောက်ဆဲ တံတားစီမံကိန်း လုပ်ငန်းများ၊ အသစ်တည်ဆောက် အကောင်အထည်ဖော်သွားမည့် တံတားစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လေယာဉ်ကွင်းစီမံကိန်း

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အော်တိုတယ်လီဖုန်းလိုင်းများ တပ်ဆင်ခြင်း၊ ဂျီအက်စ်အမ်၊ ဆယ်လ်လူလာ တယ်လီဖုန်းစနစ် တပ်ဆင်ခြင်း၊ ဆက်သွယ်မှု ကွန်ရက်လမ်းကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေး စာချုပ်များကိစ္စနှင့် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း၊ မြို့ပတ် ရထားလမ်း တိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ မြန်မြန်ဆန်ဆန် ပြီးစီးအောင်နှင့် ကုန်ကျစရိတ်များကိုလည်း တတ်နိုင်သမျှ သက်သာအောင်၊ မကုန်သင့်သည်များ မကုန်ရအောင် ဂရုပြု လုပ်ကိုင်သွားကြရန် ဖြစ်ကြောင်း။

စီမံကိန်း လုပ်ငန်းများအနက် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် စီမံကိန်းများဖြစ်ရာ ယင်းစီမံကိန်းများကို အမြန်အကောင်အထည်ဖော်ပြီးစီးအောင် အလေးထား လုပ်ကိုင်သွားကြရန်လိုကြောင်း။

ထို့ပြင် ပြည်သူများ၏ သွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုတို့ ပိုမိုချောမွေ့မြန်ဆန်စေရန် လက်ရှိ မီးရထားလမ်းများ၏ အဆင့်ကိုလည်း စီမံချက်များနှင့်အညီ မြှင့်တင်သွားနိုင်အောင် စီမံလုပ်ကိုင်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆည်မြောင်းဦးစီးဌာနက တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံများအနက် ဆားလင်းကြီး ရေလှောင်တမံမှာ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့ အနောက်ဘက် ဆားလင်းကြီးချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံဖြစ်သည်။

အဆိုပါ ရေလှောင်တမံကို မြေသားတမံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး လယ်မြေဧက ၆၀၀ သို့ စိုက်ပျိုးရေ ပေးဝေနိုင်မည့် တမံဖြစ်သည်။

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရေပြာရိုးကျေးရွာ၏ အနောက်မြောက်ဘက် သဲဖြူချောင်းပေါ်တွင် သဲဖြူရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး လယ်မြေဧရိယာဧက ၁၂၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် တမံဖြစ်သည်။

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အရှေ့မြောက်ပိုင်းရှိ လယ်မြေများကို မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ရေပိုမိုရရှိစေရန် ရည်ရွယ်၍ သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးတွင် ခရမ်းရေထိန်းတံခါးကို တည်ဆောက်လျက်ရှိသည်။

ခရမ်းချောင်းပေါ်တွင် အကျယ် ၆ ပေ x ၁၆ပေရှိ ရေတံခါး အပေါက် ၄၀ ပါ ကွန်ကရစ် ရေထိန်းတံခါးကို တည်ဆောက်သွားမည်ဖြစ်ပြီး ခရမ်းရေထိန်းတံခါးတည်ဆောက်ခြင်းကြောင့် လယ်မြေ ဧက ၃၀၀၀၀ ကို အကျိုးပြုမည်ဖြစ်သည်။

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ငါ့သရောက်ကျေးရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ ချောင်းမကြီးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ငါ့သရောက်ရေလှောင်တမံမှာ လယ်မြေဧရိယာဧက ၂၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လက်ပံချေပေါ်ဒေသရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကိုလည်း ရေကူပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် ရေလှောင်တမံ၊ ရေထိန်းတံခါး၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စက်ရုံစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့၏ (၁/၂၀၀၄)ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ စက်ရုံစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် လမ်း-တံတား တည်ဆောက်ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တည်ဆောက်ဆဲရေလှောင်တမံများ

စဉ်	အမည်	တည်နေရာ	အကျိုးပြုဧက
၁။	ဆားလင်းကြီးရေလှောင်တမံ	စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်	၆၀၀
၂။	သဲဖြူရေလှောင်တမံ	မန္တလေးတိုင်း လယ်ဝေးမြို့နယ်	၁၂၀၀
၃။	ငါ့သရောက်ရေလှောင်တမံ	မန္တလေးတိုင်း ညောင်ဦးမြို့နယ်	၂၀၀၀
၄။	ခရမ်းရေထိန်းတံခါး	ရန်ကုန်တိုင်း သန်လျင်မြို့နယ်	၃၀၀၀၀

တည်ဆောက်မည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ

စဉ်	အမည်	တည်နေရာ	အကျိုးပြုဧက
၁။	ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း	စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် (မူးမြစ်)	၅၀၀၀
၂။	ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း	စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်(ဧရာဝတီမြစ်)	၆၅၀၀
၃။	နန်းပိုလျှပ်စစ်မြစ်ရေတင်စီမံကိန်း	မကွေးတိုင်း ပခုက္ကူမြို့နယ်(ဧရာဝတီမြစ်)	၈၀၀၀
၄။	ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း	မကွေးတိုင်း ပခုက္ကူမြို့နယ်(ဧရာဝတီမြစ်)	၅၀၀၀
၅။	ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း	ဧရာဝတီတိုင်း မအူပင်မြို့နယ်(ကျိုက်လတ်မြစ်)	၉၀၀၀
၆။	မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း	ဧရာဝတီတိုင်း မြန်အောင်မြို့နယ်(ဧရာဝတီမြစ်)	၂၀၀၀၀
၇။	ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်း	ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်(ဒါးကမြစ်)	၉၀၀၀
၈။	တရနာလျှပ်စစ်မြစ်ရေတင်စီမံကိန်း	မွန်ပြည်နယ် ကျိုက်မရောမြို့နယ်(ဂျိုင်းမြစ်)	၅၀၀၀

အထူးစီမံကိန်းကြီးများအကောင်အထည်ဖော်ရေးအဖွဲ့သို့ တင်ပြသည့် ဆည်မြောင်းစီမံကိန်းများ



...ခုန်ခညည်ပို့ဆောင်မှုတို့ ပိုမိုချောမွေ့မြန်ဆန်စေရန် စီမံချက်များနှင့်အညီ မြှင့်တင်သွားနိုင်အောင် စီမံလုပ်ကိုင်

အဆိုပါ ရေလှောင်တမံကို မြေသားတမံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး လယ်မြေဧက ၆၀၀ သို့ စိုက်ပျိုးရေ ပေးဝေနိုင်မည့် တမံဖြစ်သည်။

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရေပြာရိုးကျေးရွာ၏ အနောက်မြောက်ဘက် သဲဖြူချောင်းပေါ်တွင် သဲဖြူရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး လယ်မြေဧရိယာဧက ၁၂၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် တမံဖြစ်သည်။

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အရှေ့မြောက်ပိုင်းရှိ လယ်မြေများကို မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ရေပိုမိုရရှိစေရန် ရည်ရွယ်၍ သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးတွင် ခရမ်းရေထိန်းတံခါးကို တည်ဆောက်လျက်ရှိသည်။

ခရမ်းချောင်းပေါ်တွင် အကျယ် ၆ ပေ x ၁၆ပေရှိ ရေတံခါး အပေါက် ၄၀ ပါ ကွန်ကရစ် ရေထိန်းတံခါးကို တည်ဆောက်သွားမည်ဖြစ်ပြီး ခရမ်းရေထိန်းတံခါးတည်ဆောက်ခြင်းကြောင့် လယ်မြေ ဧက ၃၀၀၀၀ ကို အကျိုးပြုမည်ဖြစ်သည်။

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ငါ့သရောက်ကျေးရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ ချောင်းမကြီးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ငါ့သရောက်ရေလှောင်တမံမှာ လယ်မြေဧရိယာဧက ၂၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လက်ပံချေပေါ်ဒေသရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကိုလည်း ရေကူပေးနိုင်မည့် စီမံကိန်းဖြစ်သည်။ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

လေယာဉ်ကွင်း တည်ဆောက်ရေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် လေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် အော်တိုတယ်လီဖုန်းလိုင်းများ၊ ဂျီအက်စ်အမ်၊ ဆယ်လ်လူလာတယ်လီဖုန်းများ၊ ဆက်သွယ်မှု ကွန်ရက်လမ်းကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရထားလမ်းတိုးချဲ့ရေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် ရထားလမ်းဖောက်လုပ်ရေး တိုးချဲ့ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ဆဲတံတားများ

စဉ်	တံတားအမည်	တည်နေရာ
၁။	ဥရုမြစ်ကူး ဥရုတံတား	သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်း
၂။	ပနီချောင်းကူး ရွှေချောင်းတံတား	ပုသိမ်–မုံရွာလမ်းမကြီး၏ မင်းတုန်း–ပဒါန်း လမ်းပိုင်း
၃။	မြစ်ငယ်မြစ်ကူး မြစ်ငယ်တံတား	ရန်ကုန်–မန္တလေးလမ်းမကြီး (မန္တလေးမြို့အဝင်)
၄။	သဇင်တန်ပေါက်တံတား	ရန်ကုန်–ကျောက်ဖြူလမ်း
၅။	သံသမကြီးတံတား	ရန်ကုန်–ကျောက်ဖြူလမ်း
၆။	ငဝန်မြစ်ကူး ပုသိမ်တံတား	ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်းလမ်း
၇။	ဖျာပုံမြစ်ကူး ဖျာပုံတံတား	ဖျာပုံမြို့နယ်
၈။	ငမိုးရိပ်တံတား (ကမာကြည်)	ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (အကြိုအင်ဂျင်နီယာလုပ်ငန်းများစတင်နေ)
၉။	ရွှေလီတံတား (နမ့်ခမ်း)	နမ့်ခမ်းမြို့နယ် (အကြိုအင်ဂျင်နီယာလုပ်ငန်းများစတင်နေ)

အသစ်တည်ဆောက်သွားမည့် တံတားများ

စဉ်	တံတားအမည်	တည်နေရာ
၁။	ဘွက်ကြီးချောင်းတံတား	ရန်ကုန်–ပြည်–မန္တလေးလမ်း၊ ပြည်–အောင်လံအပိုင်း
၂။	စစ်တောင်းတံတား (မုပ္ပလင်)	ရန်ကုန်–မော်လမြိုင်–မြိတ်လမ်း
၃။	ငဝန်မြစ်ကူး ငဝန်တံတား (မြို့ကွင်း)	ဟင်္သာတ–အင်္ဂပူလမ်းပိုင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် ရေနံ့သာဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးစာချုပ်ကိစ္စ၊ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ဆဲ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းများ

၁။ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း စီမံကိန်းမှ ၂၆မိုင်ရှည် ကျော–ရေမျက်နီလမ်းပိုင်း။

၂။ ရွှေညောင်–နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ ၁၀၃မိုင်ရှည် ဆိုက်ခေါင်–နမ့်စန် ရထားလမ်းပိုင်း။

၃။ ၃၈၅ဒသမ ၅ မိုင်ရှည် ရန်ကုန်–မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း။

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	အမည်	တည်နေရာ	ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားပမာဏ
၁။	ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်း	ပဲခူးတိုင်း ရွှေကျင်မြို့နယ်	၇၅ မဂ္ဂါဝပ်
၂။	ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်း	ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုးနဲမြို့	၅၄ မဂ္ဂါဝပ်

မုံရွာလေဆိပ်သစ်ဖွင့်လှစ်

မတ် ၂၁ ရက်က ကျင်းပသည့် မုံရွာလေဆိပ် ဖွင့်ပွဲအခမ်းအနားမစတင်မီ မြန်မာ့လေကြောင်းမှ ဖော်ကာ F-28 ဂျက်လေယာဉ် မုံရွာလေဆိပ်သို့ ခရီးသည်များနှင့်အတူ ဆင်းသက်လာစဉ်။ (သတင်းစဉ်)

တိုးချဲ့တည်ဆောက်ခဲ့သည့်လေယာဉ်ကွင်းသစ်များ

၁။ ဟုမ္မလင်း လေယာဉ်ကွင်းသစ်
၂။ ပုသိမ် "
၃။ ဟဲဟိုး "
၄။ မုံရွာ
၅။ မြိတ် "
၆။ မကွေး "

ဆောင်ရွက်ဆဲလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းများ

၁။ ခန္တီး လေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်း
၂။ ဗန်းမော် " " "
၃။ လားရှိုး " " "
၄။ ကျိုင်းတုံ " " "
၅။ ညောင်ဦး " " "
၆။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း

သားငါးဖွံ့ဖြိုး ပြည့်အကျိုး





ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း

ပဲခူးတိုင်း ရွှေကျင်မြို့နယ် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်လျက် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် ရွှေကျင်ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းခွင်ကို မတ် ၁၄ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

❀ **စာမျက်နှာ ၉မှ**

မူးဝရွာထောင် ကျေးရွာအနီးတွင် မူးမြစ်ရေကိုရယူမည့် ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၅၀၀၀ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ ဆင်တပ်ကျေးရွာအနီးတွင် ဆင်တပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကြောင့် စိုက်ပျိုးမြေဧက ၆၅၀၀ ကို အကျိုးပြုမည်ဖြစ်သည်။ မကွေးတိုင်း ပခုက္ကူ မြို့နယ် နုံးပို့ကျေးရွာအနီးတွင် နုံးပို့ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၈၀၀၀ ကို အကျိုးပြုသွားမည်ဖြစ်သည်။

မကွေးတိုင်း ပခုက္ကူမြို့နယ် ရွှေတန့်တစ်နှင့် မယ်တော်လှဘုရားကြား ဒေသတွင် ကြီးရွာလျှပ်စစ် မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧက ၅၀၀၀ ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ နုံးပို့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ကြီးရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့မှာ ဧရာဝတီမြစ်ရေကို ရယူအသုံးချမည့် စီမံကိန်းများဖြစ်သည်။

ဧရာဝတီတိုင်း မအူပင်မြို့နယ်ကျုံစုတ်ကျေးရွာအနီး အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာလယ်မြေဧက၉၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။ ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ကျိုက်လတ်မြစ် (ပံတပွတ်မြစ်)မှရေတင်မည့် စီမံကိန်းဖြစ်သည်။

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မြစ်ကျိုးကျေးရွာအနီးတွင် ဧရာဝတီမြစ်ရေကိုတင်မည့် မြစ်ကျိုး လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၂၀၀၀၀ခန့်ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကညင်ကောက် ကျေးရွာအနီးတွင် ရောင်ပြစ်ကွင်း(ဒါးက) လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒါးကမြစ်မှ တစ်ဆင့် ဧက ၉၀၀၀ ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာကျေးရွာအနီး စိုက်ပျိုးမြေဧက ၅၀၀၀ ခန့်ကို ဂျိုင်းမြစ်မှ ရေပေးနိုင်ရန် တရနာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနက စက်ရုံများကို တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ မြန်မာ့စားသောက်ကုန်လုပ်ငန်းက မကွေးတိုင်းတောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး ရန်ပယ်ဆည်သို့ ဝင်ရောက်သည့်နေရာ၌ ပြောင်းဖူးထွက်စားကုန်ပစ္စည်းစက်ရုံစီမံကိန်း (ရန်ပယ်)ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါစက်ရုံမှ ပြောင်းဖူးဆီ၊ ပြောင်းဖူးကော်မှုန့်နှင့် တိရစ္ဆာန်အစာတို့ကို ထုတ်လုပ်သွားမည်ဖြစ်သည်။

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် အဆင့်မြင့် မီးခံအုတ်စက်ရုံစီမံကိန်း(ကျောက်ဆည်) ကို တည်ဆောက်လျက်ရှိသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စက်ဘီးစက်ရုံ(ရန်ကုန်)မှ ၂၈လက်မ ကျားစီးစက်ဘီး၊ ၂၆လက်မ မစီးစက်ဘီးနှင့် ၂၈လက်မ ဝန်တင်စက်ဘီးတို့ ထုတ်လုပ်နေပြီဖြစ်သည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းကမန္တလေးတိုင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

အထူး စီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီး ဖေငြိမ်း အထူးစီမံကိန်းများအကောင်အထည် ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ်ရရှိမည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းနှင့် ၅၄မဂ္ဂါဝပ်ရရှိမည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်နေ

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက် ၃၁ မိုင်ခန့်အကွာ နမ့်တိန်ချောင်း ကျိုင်းတောင်းရေတံခွန်အနီး(အပေါ်ပုံ)**တွင် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိမည့် စီမံကိန်းဖြစ်သည်။**

➪ စာမျက်နှာ ၁၀ မှ

ကျောက်ဆည် မြို့နယ်တွင် ဖိနပ်စက်ရုံ(ကျောက်ဆည်)ကို တည်ဆောက်ခဲ့ပြီး ၁၁–၄–၂၀၀၂ တွင် စက်ရုံကို ဖွင့်လှစ်၍ ခြေညှပ်နှင့် ကွင်းထိုးဖိနပ်မျိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီဖြစ်သည်။

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံဝင်းအတွင်းတွင် ငှက်ဖျားရောဂါကုသသည့်ဆေးများ ထုတ်လုပ်နိုင်ရေးအတွက် အထူးဆေးဝါးများ ထုတ်လုပ်ရေးစီမံကိန်း(၁)နှင့် စီမံကိန်း(၂)တို့ကို ဆောင်ရွက်ခဲ့ပြီး ငှက်ဖျားရောဂါကုသဆေးများ ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် PP Woven Bag ပလတ်စတစ်အိတ် စက်ရုံ(ကျောက်ဆည်)စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အဆိုပါ စက်ရုံမှာ တစ်နှစ်လျှင် ဘိလပ်မြေအိတ်ခွံကိုးသန်း ထုတ်လုပ်နိုင်မည့် စက်ရုံဖြစ်ပြီး ဘိလပ်မြေအိတ်ခွံပေါင်း ၁ ဒသမ ၃ သန်း ထုတ်လုပ်ပြီးဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် Multiple Diesel Engine 128 ZC Series အင်ဂျင်အမျိုးအစားများ ဖြစ်သည့် မြင်းကောင်ရေ ၂၅၀ မှ ၄၀၅၊ မြင်းကောင်ရေ ၃၃၀ မှ ၅၄၂၊ မြင်းကောင်ရေ ၅၀၀မှ ၈၀၀ ရှိ အင်ဂျင်များ ထုတ်လုပ်နိုင်မည့် ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ(စီမံကိန်း)ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စက်မှုနယ်မြေတွင် Single Phase နှင့် Three Phase မော်တာများ ထုတ်လုပ်နိုင်မည့် လျှပ်စစ်မော်တာ စက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်။

မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက အင်းတကော် စက်မှုနယ်မြေတွင်ပင် Startor Motor၊ Alternator၊ Ignition Coil နှင့် Electronic Fuel Pump တို့ကို ထုတ်လုပ်ပေးနိုင်မည့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံကို တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

လမ်းစီမံကိန်းများ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မိုင် ၅၀ လေးဖာလုံရှိ မြိတ်မြို့ ရှောင်ကွင်းလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်သည်။

ကျောက်ဖြူမြို့မှ အမ်းမြို့၊ ငင်းမှ မင်းဘူး–မကွေးမှ တစ်ဆင့် အခြားဒေသများသို့လည်းကောင်း၊ ကျောက်ဖြူမြို့မှ ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များသို့လည်းကောင်း၊ ထိုမှ တစ်ဆင့် တောင်ကုတ်–သံတွဲ–ဂွမြို့များသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်ရန် ၄၄ မိုင် ခုနစ်ဖာလုံရှိ အမ်း–ပဒဲကြော–မအီလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်သည့် အဓိကလမ်းမကြီးတစ်ခုဖြစ်သည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီး၏ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ လမ်းပိုင်းကို ၂၄ ပေ အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်လျက်လည်းရှိသည်။

တံတားစီမံကိန်းများ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအနေဖြင့် တံတားများကိုလည်း တည်ဆောက်လျက်ရှိရာ သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်း၌ ဥရုမြစ်ကူး ဥရုတံတား၊ ပုသိမ်– မုံရွာ လမ်းမကြီး၏ မင်းတုန်း–ပဒါန်းလမ်းပိုင်း၌ ပနီချောင်းကူး ရွှေချောင်းတံတား၊ ရန်ကုန်–မန္တလေးလမ်းမကြီး မန္တလေးမြို့အဝင်၌ မြစ်ငယ်မြစ်ကူး မြစ်ငယ်တံတား၊ ရန်ကုန်–ကျောက်ဖြူလမ်း၌ သဇင်တန်ပေါက်တံတားနှင့် သံသမကြီးတံတား၊ ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်းလမ်း၌ ငဝန်မြစ်ကူး ပုသိမ်တံတားနှင့် ဖျာပုံမြို့နယ် ဖျာပုံမြစ်ကူး ဖျာပုံတံတားတို့မှာ တည်ဆောက်ဆဲတံတားများဖြစ်သည်။ ငမိုးရိပ်တံတား(ကမာကြည်)နှင့် ရွှေလီတံတား(နမ့်ခမ်း)တို့ကို တည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

အသစ် တည်ဆောက်သွားမည့် တံတားများမှာ ရန်ကုန်–ပြည်–မန္တလေးလမ်း၊ ပြည်–အောင်လံ အပိုင်းရှိ ဘွက်ကြီးချောင်းကူး ဘွက်ကြီးချောင်းတံတား၊ ရန်ကုန်–မော်လမြိုင်–မြိတ်လမ်းတွင် စစ်တောင်းတံတား(မုပ္ပလင်)နှင့် ဟသ်ာတ–အင်္ဂပူလမ်းပိုင်းတွင် ငဝန်မြစ်ကူး ငဝန်တံတား(မြို့ကွင်း)တို့ဖြစ်သည်။

လေယာဉ်ကွင်းစီမံကိန်းများ

ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် မြန်မာ့လေကြောင်းမှ ဖော်ကာအက်ဖ်–၂၇၊ ဖော်ကာအက်ဖ်–၂၈ လေယာဉ်များအပြင် နိုင်ငံတကာအဆင့်မီ ဘိုးရင်း ၇၃၇–၄၀၀ လေယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်း၊ တက်နိုင်ရေးအတွက် လေယာဉ်ပြေးလမ်းများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြင်ဆင်မွမ်းမံခြင်း စသည့် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းလေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်း၊ ပုသိမ် လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ ဟဲဟိုးလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ မုံရွာ လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ မြိတ် လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းနှင့် မကွေး လေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သည်။

ဆောက်ရွက်ဆဲ လေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းများမှာ ခန္တီးလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ ဇန်းမော် လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်ရေး စီမံကိန်း၊ လားရှိုး လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ ကျိုင်းတုံ လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်ရေး စီမံကိန်း၊ ညောင်ဦးလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းတို့ ဖြစ်သည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ အနီးစခန်း လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်းကိုလည်း ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနက ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် တစ်ရက် ၃၂၅ တန်ကျ အမိုးနီးယား စက်ရုံနှစ်ရုံ၊ တစ်ရက် တန် ၅၀၀ ကျ ယူရီးယား စက်ရုံနှစ်ရုံ ပါဝင်မည့် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်း

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ရရှိမည့် စီမံကိန်းဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက် ၃၁ မိုင်ခန့်အကွာ နမ့်တိန်ချောင်း ကျိုင်းတောင်းရေတံခွန်အနီးတွင် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိမည့် စီမံကိန်းဖြစ်သည်။

ရထားလမ်းများ

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ဆောင်ရွက်ဆဲ စီမံကိန်းများမှာ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း ဖောက်လုပ်ရေး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၁၃၆၅ခုနှစ်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ရေကစားမဏ္ဍပ်များ စည်းကမ်းနှင့်အညီ ဆောက်လုပ်
ကြမ်းတမ်းသည့်ရေကစားမှုများမရှိစေရေး စနစ်တကျကြပ်မတ်

ရန်ကုန် မတ် ၃၀

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို မတ်၂၈ရက် ညနေ၃နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် စစ်ဒေသမှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် ဌာနမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စနစ်တကျထိန်းသိမ်း

ရှေးဦးစွာ ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုနှစ်တွင် ကျင်းပမည့်၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင်မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူနေထိုင်မှုများ၊ သူတစ်ပါးဒုက္ခရာ အနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ မရှိစေရေး စည်းကမ်းထိန်းသိမ်းရေး ကော်မတီများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက စနစ်တကျထိန်းသိမ်းကြပ်မတ်သွားရေးနှင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကိုမွန်မြတ်သည့် ရည်ရွယ်ချက်များနှင့်အညီ လူငယ်လူရွယ်များအပါအဝင် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ၊ စိတ်အေးသက်သာစွာဖြင့် ရေသဘင်ပွဲတော် ဆင်နွှဲနိုင်ရန် ရေကစားမဏ္ဍပ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးတွင် ရေကစားမဏ္ဍပ်များ အချိန်မီ ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ စစ်ဒေသမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာနယ်မြေများအလိုက် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရေကစားမဏ္ဍပ်များ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်ပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဆက်လက်ပြသ

ရန်ကုန် မတ် ၃၀

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့ နံနက်၉နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပဉ္စမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့်တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း၌ ဗဟုသုတဉာဏ်စမ်းမေးခွန်းလွှာ ဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂ နာရီတွင်ကျင်းပပေးရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများပေးအပ်ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၈၀၉ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

တပ်မတော်နေ့ စာပေအနုပညာပြပွဲဆက်လက်ပြသ

ရန်ကုန် မတ် ၃၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲ ပြိုင်ပွဲကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးအသင်းဝင်များ၊ ကျောင်းသား ၊ ကျောင်းသူများ စုစုပေါင်း ၆၀၀ကျော် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု လေ့လာ ကြသည်။

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ချီးမြှင့်ပေးသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်မည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မှာကြား

ရန်ကုန် မတ် ၃၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနလက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးဌာနမှ နယ်စပ်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ယာဉ်များ စစ်ဆေးခြင်းနှင့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များအား အမှာစကားပြောကြားသည့် အခမ်းအနားကို မတ်၂၁ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (တောင်ကြီး)တွင် ကျင်းပရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် နယ်စပ်ဒေသသို့ သွားရောက် တာဝန်ထမ်းဆောင်မည့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များအား အမှာစကားပြောကြားရာတွင် ကုန်းလမ်းပို့ဆောင်ရေး ဌာနသည် အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ ခံယူချက်နှင့် စိတ်စေတနာကောင်းထား၍ စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြရန်မှာကြားသည်။

အဆိုပါ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (တောင်ကြီး)သည် မော်တော်ယာဉ်အစီးရေ၁၉၈စီး၊ ဝန်ထမ်းအင်အား ၃၅၇ဦးဖြင့် အစိုးရဌာနများနှင့် ပြည်သူလူထု၏ ကုန်စည်များကို နယ်စပ်ဒေသသို့ လုံခြုံချောမွေ့မြန်ဆန်စွာ သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

* စာမျက်နှာ ၁၁ မှ

စီမံကိန်းမှ ၂၆ မိုင်ရှည်ကျော- ရေမျက်နီ လမ်းပိုင်း၊ရွှေညောင်-နမ့်စန်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းမှ ၁၀၃ မိုင်ရှည် ဆိုက်ခေါင်-နမ့်စန် လမ်းပိုင်း၊ ၃၈၅ ဒသမ ၅၀ မိုင်ရှည် ရန်ကုန်- မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းတို့ဖြစ်သည်။

မြန်မာ့မီးရထားက အသစ်တည်ဆောက်သွားမည့် စီမံကိန်းများမှာ ၇၄၂ ပေ သုံးလက်မရှိမည့် ရန်ကုန်တိုင်းမှ ပါရမီ ခုံးကျော်တံတား၊ ရန်ကုန်- မန္တလေးရထားလမ်းပိုင်း၌ ဒွေးလမ်းဖောက်လုပ်ရာတွင် ကျန်ရှိသည့် ၁၄၂ မိုင်ရှည် ကျည်တောင်ကန်- မြစ်ငယ် လမ်းပိုင်းကို ဒွေးလမ်းအဖြစ် ဖောက်လုပ်ရေးစီမံကိန်းနှင့် ၅ ဒသမ ၀၆ မိုင်ရှိမည့် တိုးကြောင်ကလေး - ဒဂုံတက္ကသိုလ်အပိုင်း ရန်ကုန်မြို့ မြို့ပတ်ရထားလမ်း တိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းတို့ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်- ညောင်လေးပင် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်း ပြီးစီးပါက တစ်နာရီလျှင် ကီလိုမီတာ ၈၀ (၄၈မိုင်)နှုန်းဖြင့် ရထားပြေးဆွဲနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ သွားရောက်လေ့လာ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ၃၀၀ တို့သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမေဝင်းအောင်ခင်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြနှင့် လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးတို့လိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ရန်ကုန်-သန်လျင် တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်၊ ညွှန်ကြားရေးမှူး ဦးရဲနိုင်နှင့် တိုင်းရင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ ပင်မမုခ်ဦးတွင် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များအား ပြည်ထောင်စု တိုင်းရင်းသူလေးများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသူများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်း၊ အကျယ်အဝန်း၊ တည်နေရာ၊ ပြည်ထောင်စု တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို တစ်နေရာတည်းတွင် တစုတဝေးတည်း ကြည့်ရှုလေ့လာနိုင်ရန် တိုင်းရင်းသားကျေးရွာခုနစ်ရွာဖြင့် တည်ဆောက်ခင်းကျင်းပြသထားမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များသည် နန်းမြင့်မျှော်စင်ပေါ်သို့ တက်ရောက်၍ ပဲခူးမြစ်နှင့် ရန်ကုန်-သန်လျင်တံတားကြီး၏ ရှုခင်း၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၏ မြင်ကွင်းများကို ကြည့်ရှုလေ့လာကြပြီး နံနက်၁၀နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၃၀

မန္တလေးတိုင်း တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးညွှန့်ခန်းမဆောင်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ လက်ခံသည်။

တက်ရောက်

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ် ဦးတင်စိုး၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးဌေးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူငွေကျပ် ၁၀ သိန်း၊ မင်္ဂလာဂါးဒင်းဟိုတယ် မန်နေဂျင်း ဒါရိုက်တာ ဦးဇော်မင်း ကိုယ်စား အထွေထွေ မန်နေဂျာ ဦးစိန်ဝင်းက အလှူငွေကျပ် နှစ်သိန်း၊ တရုတ် ကုန်သည်ကြီးများ အသင်းအတွင်း ရေးမှူး ဦးကြီးစိန်က အလှူငွေကျပ်နှစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က လက်ခံ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တကောင်းမြို့ ရှေးဟောင်း လေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံမှ အလှူငွေကျပ် ၁၀သိန်းကို လက်ခံစဉ်။ (ယဉ်ကျေးမှု)

မေတ္တာသွေးလှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၈၁)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဧပြီ ၄ရက် နံနက် ၈နာရီခွဲတွင် ကျင်းပ မည်ဖြစ်သည်။ မိမိတို့၏ မေတ္တာသွေးစက်ဖြင့်ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီးပြန်လည်ပြုပြင်
တည်ဆောက်ရာတွင်ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်

မြန်မာဘောလုံးသမိုင်းမှတ်တမ်းစာအုပ်ပြုစုရေးအတွက် အားကစားကလောင်ရှင်များနှင့်ဝါရင့်စာရေးဆရာကြီးများတွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၃၀

မြန်မာဘောလုံးသမိုင်းမှတ်တမ်းစာအုပ်ပြုစုရေးအတွက် အားကစားကလောင်ရှင်များနှင့် ဝါရင့်စာရေးဆရာကြီးများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း မြန်မာဘောလုံးသမိုင်း မှတ်တမ်းပြုစုရေးအတွက် အားကစားကလောင်ရှင်များနှင့် ဝါရင့်စာရေးဆရာကြီးများအပါအဝင် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ First Eleven Journal မှ ဒေါက်တာ သန်းထွန်းအောင်က မြန်မာဘောလုံးသမိုင်း မှတ်တမ်းပြုစုခြင်း အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးခင်မောင်ထွေး (ပျဉ်းမနား)က မြန်မာဘောလုံး သမိုင်း မှတ်တမ်းပြုစု နိုင်ရေးအတွက် ကြိုးပမ်းနိုင်ရေးကို ရှင်းလင်းတင်ပြသည်။

ကူညီမည်

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက အမှာ စကားပြောကြားရာတွင် မြန်မာဘောလုံးသမိုင်း မှတ်တမ်းစာအုပ် ပြည့်ပြည့်စုံစုံ ထွက်ပေါ်လာရေးအတွက် ဝါရင့်ပုဂ္ဂိုလ်များအနေဖြင့် ဘောလုံးနှင့် ပတ်သက်သည့် အကြံဉာဏ်များ ပေးကြစေလိုကြောင်း၊ သမိုင်းစာအုပ် အမျိုးမျိုးရှိသော်လည်း မြန်မာ့ဘောလုံးသမိုင်း အချက်အလက်များကို ရှာဖွေရန် မလွယ်ကူကြောင်း၊ ထင်ရှားခဲ့သော ဘောလုံးပုဂ္ဂိုလ်ကြီးများထံမှ ဘောလုံးသမိုင်းကို မေးမြန်းမှသာ ပြည့်ပြည့်စုံစုံ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း တတ်နိုင်သမျှကူညီမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

အကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက မြန်မာဘောလုံးသမိုင်း မှတ်တမ်းပြုစုရေးနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၃/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ်အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင် အစည်းအဝေး(၂/၂၀၀၄)ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ထို့နောက် သဘာပတိက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြုလုပ်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန် ၂၆ရက်မှ ဇူလိုင် ၃ရက်အထိ ရန်ကုန်မြို့ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၆၃၀ ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ယူရို ၁၈ ဒသမ ၅ သန်းကျော် ရောင်းရငွေများ တိုးတက်ရရှိခဲ့သည်။ သို့ဖြစ်၍ ဇွန်လတွင်ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို တင်ပြရောင်းချပေးရန်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးရန်၊ အခြေခံရောင်းဈေးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဈေးနှုန်းညှိနှိုင်းသတ်မှတ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်ရှိရာ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကုမ္ပဏီ၊ အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို မေ ၁ရက်မှ ဇွန် ၁ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ကျောက်စိမ်းရောင်းဝယ်ရေးဌာန ကျောက်မျက်ရောင်းဝယ်ရေးဌာနမှ တာဝန်ရှိသူများနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော် ရေကစားလိုသူများ ခွင့်ပြုမိန့်လျှောက်ထားရမည်

ရန်ကုန် မတ် ၃၀

၁၃၆၅ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေကိုဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၉ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့် လျှောက်ထားကြရမည်ဖြစ်သည်။

ခွင့်ပြုမိန့် လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ/သန့်) တာဝန်ခံတို့၏ မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်သူများလိုက်နာရန် စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင်ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းပြုပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ်အလက(၃)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အခြေခံပညာ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က ကျောင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်က မောင်ရာဇာငြိမ်းချမ်းအားသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မြန်မာကုန်စည်ပြပွဲ ၂၀၀၄ ကျင်းပမည်

ရန်ကုန် မတ် ၃၀

နိုင်ငံတကာအဆင့်မီ အရည်အသွေး ကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန် အစားထိုး ကုန်ပစ္စည်းများ၊ ကုန်ပစ္စည်း အမယ်သစ်များ အများပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက် ထိတွေ့လေ့လာနိုင်စေရန်၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့နှစ်သစ်ကူးအကြို မြန်မာကုန်စည်ပြပွဲ ၂၀၀၄ "Myanmar Trade Fair 2004" ကို ဧပြီ ၂ရက်မှ ၅ရက်ထိ ရန်ကုန်မြို့၊ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ Quartz International Co.,Ltd က ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူ၊ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းအလှဆုံး ပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment Co., Ltd ၏ ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေး ကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဖုန်း - ၅၇၃၁၄၈သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)

B.Tech ဒုတိယနှစ်သင်တန်းဖွင့်လှစ်ရန်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်များတွင် ၂၆-၁-၂၀၀၄ မှ ၆-၂-၂၀၀၄တွင် ကျင်းပခဲ့သော B.Tech ပထမနှစ်သင်တန်းအသီးသီး၏ စာမေးပွဲအောင်စာရင်းကို ၂၉-၃-၂၀၀၄နေ့တွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ B.Tech ဒုတိယနှစ်သင်တန်းများကို ၁-၄-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

မတ် ၂၁ ရက်က တာမွေမြို့နယ်အထက(၄)တွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၄ထိ ပညာသင်ကြားခဲ့သော ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပစဉ်။ (က-ပ)

ကျေးဇူးဆပ်ပါမည်

လှည်းတန်းမီးပွိုင့်အနီး ကျပျောက်ခဲ့သော တိုရိုတာကိုရိုလာ န/၄၄၁ကား၏ ဝိုးတက်၊ လုပ်ငန်းလိုင်စင် ဆိုစာအုပ်တို့အား ပြန်လည်ပေးပို့သူအား တိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဒေါ်နော်ရီဇာ

၁၂/ဒဂန(နိုင်)၀၀၄၅၇၆

ဖုန်း- ၆၃၅၀၈၃။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့်ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ၁-၄-၂၀၀၄တွင် ဖွင့်လှစ်မည့် အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ၂၀၀၃ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲ ဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမ(၄)လသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ပါက ဒုတိယ(၄)လသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးဆုံးပါက အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများသို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်။

၃။ ပထမ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း ကျွမ်းကျင်မှုလက်မှတ်အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။

LG

Life's Good

Hurry!!!

Last Reduction for Peak Season!

LG Digital Plaza:(Ygn) ▪ No.123, Sule Pagoda Road, Kyauktada Tsp., Yangon, Myanmar. Tel: (95-1) 379955, 380390 Fax: 379954
▪ No.A 16, First Floor, Yuzana Plaza, Yangon. Tel: (95-1) 200747 ext.2012

LG Digital Plaza:(Mdy) ▪ No.122, 26th St., (Bet. 83rd St., x 84th St.,), Mandalay. Tel: (95-2) 39080

LG Digital Plaza:(Pyay) ▪ No.32, Lanmadaw Street, Pyay.Tel: (053) 24997, (053) 22647

ခေတ်ရွှေဆောင်

[illegible] Ph: 246313

[illegible]

အမည်ပြောင်းခြင်း

ဦးဝင်းထိန်၏သား အထက(၁) မြောက်ဥက္ကလာပ နဝမတန်း(P)မှ မောင်ရဲမြတ်ကိုအား မောင်ရဲမြတ်သူဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်ရဲမြတ်သူ။

AMIGO TRAVEL SERVICE

(၁) ငုဝေှုသွား – HOTEL **

(၂) ချောင်းသာ – HOTEL MAX

[illegible] ၅၀% off

SUPER

CAR RENTAL

[illegible]

249301, 0980 21801

Yan Aung

[illegible]

ကား စီး လုံး ငှား သည်။

[illegible]

CRANE Ph:708569, 538535, 095002018

FIRST IMAGE

THINGYAN DISCOUNT SALES
EXPORT OUT-LET & OVER RUN

Main Shop

Total Purchases	- 20,000 Kyats & Above	- 5% Off
Total Purchases	- 40,000 Kyats & Above	- 10% Off
Garage Sales	- 20% to 70% Off	
Discount period	- 1-4-04 to 11-4-04	

ADDRESS-

BRANCH (1) - 387/1 Satmu (1) Lane, Bahan Tsp, Yangon. Tel : 545856, 544966, 557599

BRANCH (2) - Corner of 78 & 33, Chan Aye Thar Zan Tsp, Mandalay. Tel : 09-99-27233

E-mail : first_image@mptmail.net.mm

ကျေးဇူးအထူးတင်ရှိခြင်း

IRONCROSS UNPLUGGED

IRON CROSS UNPLUGGED TAPE,CD,VCD,DVD ရန်ကုန်မြို့၏ အရောင်းရဆုံးနံပါတ်(၁)အဖြစ်ရပ်တည်ခဲ့သည်မှာ(၉)ပတ်ဆက်တိုက်ရှိခဲ့ပြီဖြစ်ပါသည်။ထိုသို့ အောင်မြင်စွာရပ်တည်နိုင်ရန်ဝယ်ယူအားပေးခဲ့ကြသည့်ရန်ကုန်မြို့နှင့်မြန်မာနိုင်ငံ တစ်ဝန်းမှတေးချစ်ပရိသတ်များပြည်ပရောက်မြန်မာပရိသတ်များဖြန့်ချိရောင်းချပေးခဲ့ကြသော လက်လီလက်ကားအရောင်းကိုယ်စားလှယ်ကြီးများအားလှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

IRON CROSS MUSIC ENTERTAINMENT နှင့်
IRON CROSS UNPLUGGED အဖွဲ့သားများ

ထိပ်ပညာ
၂၈-၃၂-၀၃

NPE

စာပေမြတ်နိုးသူများအတွက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
စာအုပ်ဆိုင်

- မေတ္တာဖြူလွှမ်း အေးချမ်းသာယာ ပြည်မြန်မာနှင့်အခြားဆောင်းပါးများ
- ဘုရားစကားလိုက်နာပွားစို့နှင့် အခြားကဗျာများ
- မြန်မာ့ဦးစွန်း-မြန်မာ့မော်ကွန်း
- သမိုင်းတွင် သမိုင်းတင်မည့် ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ-အင်္ဂလိပ်)
- ဒေါ်စုကြည် အင်န်အယ်ဒီပါတီနှင့် ကျွန်တော်တို့၏မျှော်လင့်ချက်ရောင်နီ (မြန်မာ-အင်္ဂလိပ်)
- မှန်နန်းရာဇဝင် (ပ+ဒု+တတွဲ)
- ပြည်ထောင်စုအရေးမျှော်တွေးလို့ မြင်စေချင်နှင့် အခြားဆောင်းပါးများ
- တပ်မတော်သမိုင်း (အတွဲ ၁မှ ၈)အထိ
- ဓာတ်တော်ကြီး ၁၀ ဘွဲ့ (မြန်မာ-အင်္ဂလိပ်)
- ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- ငါးရာငါးဆယ် ဇာတ်ဝတ္ထု(အကျဉ်း) (ပ+ဒု) (မြန်မာ-အင်္ဂလိပ်)
- ရခိုင်ပြည်နယ် ဝေသာလီရပ်ရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- သိထားရမည့် အင်္ဂလိပ်စာလုံးတွဲများ၊ အင်္ဂလိပ်ဝါကျတည်ဆောက်ပုံများ
- ဒီရေတစ်ခေါ်မြေပြင်၊ မငြိမ်းချမ်းသော ဒီရေတစ်ခေါ်မြေပြင်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်
- အမေရိကကို လူတွေဘာကြောင့်မုန်း နှင့် စာပေကောင်းမျိုးပေါင်း ၁၀၀၀ ကျော် ကိုတစ်စုတစ်စည်းတည်း ဝယ်ယူရရှိနိုင်ပါပြီ။

(လက်ကျန် အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည် ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၀၂)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
☎ ၂၉၄၃၀၆

Urgent Vacancy
(For Local Service Only, Salary in Kyats

